# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# နဝမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၀ ဦး ရှိတဲ့အနက် ၃၅၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၅-၉-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ ခွင့်ပန်ကြားသူများ ရဲ့စာရင်းကို တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၂ ရက်၊

(၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၃) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၂ ရက်၊

(၄) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၂ ရက်၊

(၅) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၉ ရက်၊

(၆) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၇) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၂ ရက်၊

(၈) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၉) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်၊

(၁၀) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၂ ရက်၊

(၁၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၁၂) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၂ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟ ခွင့် ၂ ရက်၊

(၁၅) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၂ ရက်၊

(၁၆) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၁၇) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၂ ရက်၊

(၁၈) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၁၉) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၂၀) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၂၁) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၂ ရက်၊

(၂၂) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၁ ရက်၊

(၂၃) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၁ ရက်၊

(၂၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်နှင့်

(၂၅) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု

အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### အာရှလမ်းမကြီး တာကော်တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါလို့ အားလုံးကို နှုတ်ခွန်းဆက်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ တာကော်တံတားနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းခွင့်ပြုပါရှင်။ မိတ္ထီလာ-တောင်ကြီး-တာချီလိတ် အာရှလမ်းမကြီး မိုင်တိုင်(၂၈၃/၄) တွင် တာကော်တံတားလို့ အမည်တွင်တဲ့ အမှတ်(၃/၂၈၄) တံတားကြီးရှိပါတယ်။ အဲ့ဒီတံတားမှာ အရှည် ၇၈၀ ပေ၊ အကျယ် ယာဉ်သွားလမ်း ၂၂ ပေ၊ လူသွားလမ်းတစ်ဖက် ၃ ပေစီရှိပြီးတော့ ရေလယ်တိုင် လေးတိုင်ပါရှိပါတယ်။ ထိုတံတားကို မြန်မာအင်ဂျင်နီယာပညာရှင် EE ဦးသန့်ဇင်နဲ့ တရုတ်ပညာရှင် မစ္စစ်ဟောင်ဝေချမ်းတို့က ၁၉၆၅ ခုနှစ် မှာစတင်တည်ဆောက်ခဲ့ပြီးတော့ ၁၉၇၄ ခုနှစ်မှာ ပြီးစီးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ တာကော်တံတားသည် နှစ်ပေါင်း ၄၀ ကျော်တည်ရှိခဲ့ပြီးတော့ သံပေါင်ခံကွန်ကရစ်ကြမ်းခင်းအမျိုးအစားဖြစ်ကာ ခံနိုင်ဝန်အား ၃၂ တန်သာရှိပါတယ်။ မိတ္ထီလာ-တောင်ကြီး-တာချီလိတ် အာရှလမ်းမကြီးက ရှမ်းပြည်နယ်မှ ထိုင်းနိုင်ငံသို့ ကူးသန်းရောင်းဝယ်ရာတွင် အဓိကလမ်းမကြီးဖြစ်ပြီးတော့ ယာဉ်သွားယာဉ်လာများ အလွန်များပြားပါတယ်။ ၁၀ ဘီး၊ ၁၂ ဘီး၊ ၂၂ ဘီး စတဲ့ယာဉ်များလည်း ဖြတ်သန်းသွားလာတာကို တွေ့ရှိရပါတယ်။ ယခုအခါမှာ အဆိုပါတံတားဟာ နှစ်ပေါင်းကြာမြင့်လှပြီဖြစ်ရာ တံတားကြံ့ခိုင်မှုမှာလည်း စိုးရိမ်ဖွယ်ရာဖြစ်လာပါတယ်။ အာရှလမ်းမကြီးဖြစ်သည်နှင့်အားလျော်စွာ ခေတ်နှင့်

လျော်ညီသော အဆင့်မြှင့်တင်ပေးရန်လည်း လိုအပ်လာပါတယ်။ သို့ဖြစ်ပါသောကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် ကူးသန်းရောင်းဝယ်ဖောက်ကားရေးအတွက် တာကော်တံတားအား ခံနိုင်ဝန် တန် ၆၀ ခန့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးစေလိုပါတယ်။ မေးမြန်းလိုသည်မှာ တာကော်တံတားအား ခံနိုင်ဝန် တန် ၆၀ ခန့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ ပြုလုပ်ပေးမည်ဟုဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးပါမည်နည်း။ မပြုလုပ်ပေးနိုင်ပါဟုဆိုပါက အဘယ်ကြောင့်နည်း။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုက မေးမြန်းထားတဲ့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် အာရှလမ်းမကြီးပေါ်မှာရှိတဲ့ မိုင်တိုင် ၂၈၃ မိုင် ၄ ဖာလုံမှာ တည်ရှိတဲ့ တာကော်တံတားကို ခံနိုင်ဝန် ၆၀ ရရှိအောင် နှစ်လမ်းသွားကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးမယ့်အစီအစဉ်ရှိ/မရှိနဲ့ ပြုလုပ်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ဆက်စပ်ထားတဲ့ တာကော်တံတားဟာ မိုင်တိုင် ၂၈၃ မိုင် ၄ ဖာလုံမှာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပိုမိုရှင်းလင်းစေရန် ကျွန်တော် Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါဟာ ကျွန်တော်တို့ ဒီတံတားတည်ရှိတဲ့နေရာဖြစ်ပါတယ်။ ဒါ တောင်ကြီးကနေထွက်လာရင် နမ်ဆန်၊ ခိုလန်၊ ပြီးရင် ကွန်ဟိန်း၊ ကာလိ၊ ပြီးရင် တာကော်တံတားတည်ရှိတဲ့ မိုင်တိုင်(၂၈၃/၄) နေရာဖြစ်ပါတယ်။ ဒီကနေဆက်သွားရင် ကျွန်တော်တို့ ကျိုင်းတုံကို ရောက်ရှိမှာဖြစ်ပါတယ်။ ဒီတံတားကတော့ လွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့အတိုင်း ၁၉၆၅ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီးတော့ ၁၉၇၄

ခုနှစ်မှာ ပြီးစီးသွားတဲ့တံတားဖြစ်ပြီးတော့ တံတားသံပေါင်ပေါ်မှာ ကွန်ကရစ်ကြမ်းခင်းနဲ့ ဆောင်ရွက်ထားတဲ့တံတားဖြစ်ပါတယ်။ ဒီတံတားရဲ့အခြေအနေကို နောက် Slide နဲ့တင်ပြရရင် ဒီမှာ ကျွန်တော်တို့လက်ရှိတံတားရဲ့အခြေအနေဖြစ်ပါတယ်။ ဒီတံတားဟာ နှစ်စဉ်ပုံမှန် ထိန်းသိမ်းရေးလုပ်နေတဲ့အတွက် တံတားရဲ့ခံနိုင်ဝန်ဟာ အခုအချိန်ထိ ၃၂ တန်အထိ ခံနိုင်တဲ့အဆင့်ရရှိအောင် ကျွန်တော်တို့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ နောက် Slide တစ်ခုမှာတော့ ကျွန်တော်တို့ ဒီတံတားကိုပြန်ကြည့်လို့ရှိရင် ဒီတံတားဟာ အခြားတံတားတွေနဲ့မတူဘဲနဲ့ အောက်က သံပေါင်တွေနဲ့ခံထားပြီးအပေါ်မှာ RC ကွန်ကရစ်နဲ့ ခင်းထားတာဖြစ်တဲ့အပြင် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တံတားတွေထဲမှာ ဒီတံတားရဲ့ထူးခြားချက်ကတော့ ဒီတံတားရဲ့အောက်မှာ ဒီလိုလမ်းတစ်ခုရှိပါတယ်။ ဒီလမ်းကနေအောက်ဝင်ရောက်ပြီးတော့ တံတားကြီးပြင်ဆင်ထိန်းသိမ်းတဲ့လုပ်ငန်းကို ဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ ထိန်းသိမ်းမှုပိုကောင်းတာကြောင့် ဒီတံတားရဲ့ကြံ့ခိုင်မှုဟာ အခုအချိန်ထိ ၃၂ တန် ခံနိုင်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်မှာရှိတဲ့ ယာယီတံတား (ဘေလီသစ်သားတံတား)တွေကို နှစ်လမ်းသွား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာမှာ တောင်ကြီးကနေပြီးတော့ တာကော်အပိုင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အပြီးဆောင်ရွက်မှာဖြစ်ပါတယ်။ ထို့အတူပဲ တာကော်ကနေ ကျိုင်းတုံအပိုင်းကိုတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ သံလွင်မြစ်ကူးတံတား(တာကော်)အပေါ်မှာ နေ့စဉ်ဖြတ်သန်းနေတဲ့ ယာဉ်အရေအတွက်ကို ပြန်ကြည့်ရင် ကုန်တင်ယာဉ်ကြီး အစီး ၂၀ ရှိပါတယ်။ ယာဉ်ငယ်မျိုးစုံကတော့ အစီး ၆၀ ခန့်ရှိတာဖြစ်ပါတယ်။ တာကော်-ကျိုင်းတုံအပိုင်းမှာ အချို့ယာဉ်များဟာ လမ်းကွေ့တွေ၊ အကွေ့အကောက်တွေ၊ အတက်အဆင်းတွေများတဲ့အတွက် သွားတဲ့အခါမှာ ၂၂ ဘီးကားတွေ သွားလာလို့မရပါဘူး။ အခုအချိန်မှာ ၁၄ ဘီးကားတွေပဲ သွားတဲ့အတွက် ၁၄ ဘီးကားရဲ့ခံနိုင်ဝန်ဟာ တန် ၃၀ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုအချိန်မှာတော့ တာကော်တံတားကြီးဟာ ၃၂ တန်ခံနိုင်တာဖြစ်တဲ့အတွက် တံတားနဲ့ ယာဉ်ရဲ့အလေးချိန်နဲ့ဟာ အဆင်ပြေလျက်ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ ကျွန်တော်တို့ ဒါ ASEAN Community မှာပါဝင်လာပြီးတော့ စီးပွားရေးအရ နိုင်ငံတကာဆက်သွယ်ရေးလမ်းအဖြစ် ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဖြတ်သန်းသွားမယ့်လမ်း ၁၅ လမ်းပေါ်မှာ နိုင်ငံတကာကယာဉ်တွေလည်း ဝင်ရောက်လာမှာဖြစ်ပါတယ်။

**မူကြမ်း**

အဲ့ဒီအခါမှာ မိတ္ထီလာ-ကျိုင်းတုံ-တာချီလိတ်လမ်းဟာ Asia High Way အမှတ်(၂)လမ်းအဖြစ် နဲ့တည်ရှိတာဖြစ်ပါတယ်။ အဲ့ဒီအချိန်ကျရင်တော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ လမ်းကိုရော၊ တံတား ကိုရော အဆင့်မြှင့်ရမှာဖြစ်တဲ့အပြင် လမ်းကိုလည်းပဲ ၂၄ ပေအကျယ် ကတ္တရာလမ်းဖြစ်အောင်လုပ်ရ သလို တံတားကိုလည်းပဲ တန် ၆၀ ခံတဲ့တံတားအဆင့်ဖြစ်အောင် ကျွန်တော်တို့ မဖြစ်မနေဆောင်ရွက် ရမှာဖြစ်ပါတယ်။ ဒီ့အတွက်ကို ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ဟာ ဒီတံတားကြီး တန် ၆၀ ခံနိုင်ဖို့ အတွက် အကြိုအင်ဂျင်နီယာ လုပ်ငန်းများ Feasibility Study များ ကျွန်တော်တို့ ဆောင်ရွက်နေပါ တယ်။ အကြမ်းဖျင်းအားဖြင့်တော့ ယာဉ်စီးရေများပြားလာမယ့်အချိန် ၂၀၁၇-၂၀၁၈ နှစ်လောက်မှာ ဒီတံတားကြီးကို တန် ၆၀ ခံနိုင်ဝန်ရှိတဲ့တံတားအဖြစ် ဆောင်ရွက်ထားဖို့ စီမံလျက်ရှိပါကြောင်း ရိုသေ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏအိမ်ရာစီမံကိန်း အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အိမ်ရာစခန်းဟာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ခဲ့တဲ့ အိမ်ရာစီမံကိန်း ၁၁ ခုမှာ အင်မတန်ထူးခြားတဲ့အခြေအနေရှိတဲ့ တစ်ခုတည်းသော စီမံကိန်းပါပဲ။ အဲ့ဒါက ဘာလဲဆိုတော့ တော်လှန်ရေးကောင်စီအစိုးရ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်စိန်ဝင်း ဦးဆောင်ပြီးတော့ တည်ဆောက်ခဲ့တဲ့ အိမ်ရာစီမံကိန်းမှာ ကိုယ်ပိုင်အိမ်ရာမရှိတဲ့ဝန်ထမ်းတွေ အိမ်ပိုင်ရာပိုင်ဖြစ်ဖို့အတွက် စနေ၊ တနင်္ဂနွေနေ့တွေမှာ လုပ်အားပေးပြီးတော့ နာရီ ၂၀၀ ခန့် ဝန်ထမ်းတွေကိုယ်တိုင်ရဲ့လုပ်အားဖြင့် တည်ဆောက်ခဲ့တဲ့ အိမ်ရာစခန်းဖြစ်ပါတယ်။ တစ်နည်းပြောရရင် အလုပ်သမားတွေရဲ့ သွေး၊ ချွေး၊ အသက်တောင်ပေးခဲ့ရပါတယ်။ သုဝဏ္ဏမှာ မင်းဒင်လမ်းဆိုတာ အဲ့ဒီအချိန်တုန်းက လုပ်အားပေးခဲ့ရ တဲ့ပုဂ္ဂိုလ်တစ်ယောက် လုပ်အားပေးရင်းနဲ့ ကွယ်လွန်ခဲ့တဲ့အတွက် ဂုဏ်ပြုတဲ့အနေနဲ့ ခေါ်ဆိုထားတဲ့ လမ်းတစ်လမ်းပင်လျှင် တည်ဆောက်ထားတဲ့မြို့ဖြစ်ပါတယ်။ အခု အဲ့ဒီမှာရှိတဲ့လူထုဟာ (၉)ကြိမ် မြောက် လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ ကျွန်တော် သွားလုပ်တဲ့အခါမှာ ရပ်ကွက်အားလုံးက လူ ၁၅၀၀ ကျော်က နှုတ်နဲ့ရော၊ စာနဲ့ရော သူတို့ရဲ့ခံစားမှုတွေကို အိုးအိမ်ဦးစီးဌာနနဲ့ပတ်သက်ပြီး တင်ပြ လာတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို ကျွန်တော် မေးမြန်းလိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ သုဝဏ္ဏအိမ်ရာသည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့ပြစီမံကိန်းများနှင့်မတူဘဲ လစာနည်းဝန်ထမ်းများ၏ အိမ်ရာများဖြစ်သည်ဆိုလျှင်မှန်ပါသလား။ သုဝဏ္ဏအိမ်ရာစီမံကိန်း စတင်တည်စကပင် နှစ်ပေါင်း ၅၀ ခန့်အတွင်း အိုးအိမ်ဦးစီးဌာနက သတ်မှတ်ထားသော အိမ်ငှားရမ်းခများကို သတ်မှတ်ချက်အတိုင်းပေးသွင်းခဲ့ပြီးဖြစ်ပါ၍ သုဝဏ္ဏအိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်သူ ဆောက်လုပ်ရေးဌာနတာဝန်ခံ ဗိုလ်မှူးချုပ်စိန်ဝင်း(ဝန်ကြီး)၊ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးတင့်၊ အထူးအရာရှိ ဗိုလ်ကြီးမြင့်လွင်တို့ကိုယ်တိုင်က လုပ်အားပေးများအား ကိုယ်အိမ်ကိုယ်ဆောက်တာ ကောင်းအောင်ဆောက်ကြ။ နောင်အနှစ် ၂၀၊ ၃၀ ကြာလျှင် အခမဲ့နေထိုင် ခွင့်ပေးမည်ဟုသိပါသလား၊ သုဝဏ္ဏမြို့ ၂၄၊ ၂၅၊ ၂၉ ပြည်သူ့အိမ်ရာစီမံကိန်းတွင် အိမ်ခန်းငှားရမ်းခ ပုံမှန်ပေးသွင်းခဲ့သဖြင့် လက်ရှိနေထိုင်ကြသော လုပ်အားပေးများအား ကိုယ်ပိုင်အမည်ဖြင့် သတ်မှတ်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ၊ မူလလုပ်အားပေးသူများနှင့် ၎င်းတို့၏အမွေစားအမွေခံများဖြစ်သော သားသမီး၊ မြေးမြစ်များအား ဥပဒေနှင့်အညီ အသိအမှတ်ပြုပေးရန် အစီအစဉ်ရှိ/မရှိ၊ မူလလုပ်အားပေး နေထိုင်သူများထံမှ ဝယ်ယူနေထိုင်သူများအပေါ်ဝယ်ယူ နေထိုင်သူများအမည်ပေါက်ငှားရမ်းခပြေစာ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ၂၅-၃-၂၀၁၄ နေ့စွဲပါ ဆောက်လုပ် ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ အိမ်ငှားရမ်းခ တိုးမြှင့်သတ်မှတ်ခြင်းသည် ကာယကံရှင်ပြည်သူများ၏ သဘောထားရယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သည့်အတွက် သုဝဏ္ဏအိမ်ရာစီမံကိန်းနေ ပြည်သူများ၏ စားဝတ်နေရေးကိုထိခိုက်သဖြင့် ပြန်လည် သုံးသပ်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်ရဲ့ သုဝဏ္ဏအိမ်ရာမှာနေထိုင်တဲ့ ပြည်သူများ ရင်ဆိုင်နေရတဲ့အခက်အခဲနှင့် ပတ်သက်ပြီး မေးမြန်းချက်အား ပြန်လည်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ပြည်သူတို့ရဲ့နေရေးပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် အိမ်ရာစီမံကိန်းများကို နည်းလမ်းနှစ်သွယ်နဲ့ အကောင်အထည်

ဖော်ဆောင်ရွက်ခဲ့ရာမှာ အငှားချအိမ်ရာဖြစ်တဲ့ ပြည်သူ့အိမ်ရာစီမံကိန်းသည် နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒီနည်းလမ်းအရ ကျွန်တော်တို့ဟာ အပိုင်ပေးအိမ်ရာဖြစ်တဲ့ စုပေါင်းအိမ်ရာစီမံကိန်းကိုလည်း နည်းလမ်းနှစ်အဖြစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အငှားချအိမ်ရာဖြစ်တဲ့ ပြည်သူ့အိမ်ရာစီမံကိန်းဟာ အများပြည်သူနေထိုင်တဲ့ ပြည်သူ့အိမ်ရာများဖြစ်ပြီးတော့ ဝန်ထမ်းများ တာဝန်ထမ်းဆောင်ချိန်တွင် နေထိုင်နိုင်တဲ့ဝန်ထမ်းအိမ်ရာ၊ စက်မှုလုပ်သားအိမ်ရာနှင့် လုပ်အားပေးခြင်းကြောင့် နေရာချထားခံရတဲ့ သုဝဏ္ဏလုပ်အားပေးအိမ်ရာတို့ ပါဝင်တာဖြစ်ပါတယ်။

၁၉၆၅-၁၉၆၆ ခုနှစ်မှ စတင်ပြီးတော့ (၂၄) ရပ်ကွက်၊ (၂၅) ရပ်ကွက်နှင့် (၂၉) ရပ်ကွက်တို့မှာ ဆောက်လုပ်အကောင်အထည်ဖော်ခဲ့တဲ့ သုဝဏ္ဏလုပ်အားပေးအိမ်ရာဟာ အနည်းဆုံး နာရီ ၁၂၀ လုပ်အားပေးတဲ့မိသားစုကို နေရာချထားပေးတဲ့ အငှားချအိမ်ရာအမျိုးအစားဖြစ်ပါတယ်။ သုဝဏ္ဏအိမ်ရာစီမံကိန်းမှာ လုပ်အားပေး၍ နေရာချထားပေးခြင်းခံရသူများဟာ လုပ်သားအိမ်ရာစီမံကိန်းလုပ်အားထည့်ဝင်ခြင်းဆိုင်ရာသဘောတူစာချုပ်ကို ကိုယ်တိုင်ချုပ်ဆိုပြီး အိမ်ငှားစည်းကမ်းချက်ပါအချက်များကို လိုက်နာမည်ဟု ကတိခံဝန်ချက်လက်မှတ်ရေးထိုး၍ အိမ်ငှားအဖြစ် သတ်မှတ်အိမ်လခကို ပေးဆောင်ကြရသော တမူထူးခြားတဲ့ လုပ်အားပေးအိမ်ရာစီမံကိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သုဝဏ္ဏလုပ်အားပေးအိမ်ရာဟာ မူလလုပ်အားပေးမိသားစုများရဲ့ နေရေးရေရှည်အဆင်ပြေစေဖို့ ရည်ရွယ်ဆောင်ရွက်ပေးထားခြင်းဖြစ်ပေမယ့် အိမ်ရာစခန်းမှာရှိတဲ့ ရပ်ကွက်သုံးရပ်ကွက်မှာ အငှားချထားတဲ့အိမ်ခန်းပေါင်း ၂၇၂၂ ခန်းကို စာရင်းကောက်ယူ စစ်ဆေးချက်အရယခုအခါမှာ မူလဦးစီးပင်စင်စား ၂၁၇ ဦးနှင့် အရပ်သားမူလဦးစီး ၄၈ ဦး စုစုပေါင်း ၂၆၅ ခန်း၊ မူလဦးစီး မိသားစုပင်စင်ခံစားသူ ဇနီး/ခင်ပွန်း ၁၂၄ ခန်းနှင့် မူလဦးစီးရဲ့သားသမီးများ ၂၅၁ ခန်း မိသားစုဝင် စုစုပေါင်း ၃၇၅ ခန်းသာရှိတာကြောင့် အိမ်ငှားစည်းကမ်းညီညွတ်တဲ့ အခန်းပေါင်း ၆၄၀ ခန်းသာရှိပါတယ်။ ကျန် ၂၀၈၂ ခန်းက အရောင်းအဝယ်ပြုလုပ်ထားတဲ့အခန်းများဖြစ်ကြောင်း တွေ့ရှိရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့မေးခွန်းဖြစ်တဲ့ မူလလုပ်အားပေးသူများနှင့် ၎င်းတို့ရဲ့ အမွေစားအမွေခံဖြစ်သော သားသမီး၊ မြေးမြစ်များအား ဥပဒေနှင့်အညီ အသိအမှတ်ပြုရန် အစီအစဉ်ရှိ/မရှိ မေးမြန်းထားခြင်းအပေါ် တင်ပြရမည်ဆိုလျှင် ပြည်သူ့အိမ်ရာများဟာ မူလလုပ်အားပေးသူများနှင့် မိသားစုများ နေရေးအဆင်ပြေစွာ နေထိုင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ပေးတာဖြစ်တာကြောင့် မူလအိမ်ငှားဦးစီး

မရှိလျှင် ဇနီး/ခင်ပွန်း၊ သားသမီးမြေးမြစ်များကို တရားဝင်ဆက်လက်နေထိုင်ခွင့်ပြုထားပါတယ်။ လက်ရှိမှာလည်း ဇနီး/ခင်ပွန်း၊ သားသမီးများရဲ့ အခန်း ၃၇၅ ခန်းပါရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူလလုပ်အားပေးနေထိုင်သူများထံမှ ဝယ်ယူနေထိုင်သူများအပေါ် အမည်ပေါက်ငှားရမ်းခ ပြေစာထုတ်ပေးရန် မေးခွန်းနှင့်ပတ်သက်၍ တင်ပြရရင် ဝယ်ယူနေထိုင်သူများကို သတ်မှတ်ထားတဲ့ အိမ်လခများပေးသွင်းစေပြီး ဆက်လက်နေထိုင်ခွင့်ပြုသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးမေးခွန်းဖြစ်တဲ့ ၂၅-၃-၂၀၁၄ နေ့စွဲပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အိမ်ငှားရမ်းခတိုးမြှင့်သတ်မှတ်ခြင်းသည် ကာယကံရှင်ပြည်သူများရဲ့ သဘောထားရယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့တဲ့အတွက် သုဝဏ္ဏအိမ်ရာစီမံကိန်းနေပြည်သူများရဲ့ စားဝတ်နေရေးကို ထိခိုက်စေသဖြင့် ပြန်လည်သုံးသပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတင်ပြရရင် အိမ်လခများ တိုးမြှင့်ကောက်ခံခြင်းဟာ ၁၉၆၄ ခုနှစ်ကတည်းက သတ်မှတ်ခဲ့တဲ့အိမ်လခများကို ပြောင်းလဲသောခေတ်ကာလနဲ့လည်း လိုက်လျောညီထွေမရှိသဖြင့် ပြင်ဆင်သတ်မှတ်ခြင်းဖြစ်ပြီးတော့ အိမ်ရာစခန်းများရဲ့ပြင်ဆင်ထိန်းသိမ်းမှုစရိတ်များ၊ စီမံခန့်ခွဲမှုစရိတ်များကို အထောက်အပံ့ရစေဖို့ဖြစ်ပါတယ်။ သို့သော်လည်း သုဝဏ္ဏလုပ်အားပေးအိမ်ရာစီမံကိန်းဟာ အခြားသောအိမ်ရာစီမံကိန်းများနဲ့မတူဘဲ ထူးခြားတဲ့လုပ်အားပေး အိမ်ရာစီမံကိန်းဖြစ်တာကြောင့် အခြား အိမ်ရာများနှင့်မတူကွဲပြားသော သဘောသဘာဝရှိပါတယ်။ အိမ်လခပြင်ဆင်သတ်မှတ်ခြင်းအတွက် သုဝဏ္ဏလုပ်အားပေး အိမ်ငှားဦးစီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနတို့မှ ပူးပေါင်းညှိနှိုင်းပြီး အိမ်လခသတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**မော်လမြိုင်မြို့ဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်စက် တပ်ဆင်ပြီး ကင်ဆာဝေဒနာရှင်များအား ကုသပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှမောင်၊ ချောင်းဆုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြကုန်သော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီးတော့ နှုတ်ခွန်း

ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ကင်ဆာရောဂါဝေဒနာကုသရေးအကြောင်းကို မေးမြန်းသွားမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကုသသော ဓာတ်ရောင်ခြည်စက်သည် ရန်ကုန်၊ မန္တလေးနှင့်တောင်ကြီးမြို့ သုံးမြို့တို့၏ဆေးရုံများတွင်သာ ရှိကြပြီး အရေအတွက်လည်း နည်းပါးနေပါသဖြင့် တစ်နိုင်ငံလုံးမှလာရောက်ကုသကြသော ဝေဒနာရှင်များတို့ကို အလှည့်ကျစနစ်ဖြင့် အချိန်စောင့်ဆိုင်း၍ ကုသမှုခံယူနေရပါကြောင်း သိရှိရပါတယ်။ ထိုသို့စောင့်ဆိုင်း၍ ကုသမှုခံယူရေးအတွက် အချိန်နှင့်စရိတ်များ ပိုမို၍ကုန်ကျရသော အခက်အခဲကြောင့်လည်းကောင်း၊ မိမိတို့နေရပ်မှ ရပ်ဝေးဆေးရုံသို့ သွားရောက်ရသည့် စရိတ်အခက်အခဲတို့ကြောင့်လည်းကောင်း၊ ဆေးကုသရန် ရပ်ဝေးဆေးရုံသို့ သွားရောက်နိုင်ခြင်းမရှိကြသော လက်လုပ်လက်စားတောသူတောင်သား ဝေဒနာရှင်များလည်း ရှိကြပါတယ်။ ၎င်းတို့သည် ရောဂါကုသခွင့်မရနိုင်ကြဘဲ အသက်ဆုံးရှုံးရမှုနှင့် တွေ့ကြုံရပါကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကင်ဆာဝေဒနာရှင်များ တွေ့ကြုံနေရသော အခက်အခဲမှ အထိုက်အလျောက် ပြေလည်မှုရရှိစေရန်အလို့ငှာ ရည်ရွယ်၍ မေးလိုသည့်မေးခွန်းတစ်ရပ်မှာ မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများရှိ ဒေသခံပြည်သူများအတွက် ကင်ဆာရောဂါကုသရာတွင် လိုအပ်သော ဓာတ်ရောင်ခြည်စက်တစ်လုံးကို မွန်ပြည်နယ်၊ မော်လမြိုင်ဆေးရုံကြီးတွင်တပ်ဆင်ပြီး ကင်ဆာရောဂါဝေဒနာရှင်များအား ကုသပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အစီအစဉ်မရှိပါက အဘယ်အကြောင်းအရာများကြောင့် ဖြစ်သည်ဆိုတာကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ရိုသေစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်၏မေးခွန်းကို

ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား မိမိမှ ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနဟာ ယခုအခါမှာ ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသပေးခြင်းလုပ်ငန်းများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတို့မှာ ဆောင်ရွက်လျက်ရှိပြီး မကြာမီကပင် နေပြည်တော် ပြည်သူ့ဆေးရုံကြီးတွင် ၉-၇-၂၀၁၄ နေ့မှာ စတင်ပြီးတော့ စက်ကိုတပ်ဆင်ဆောင်ရွက်၍ လူနာများကို ကုသပေးလျက်ရှိပါတယ်။ နေပြည်တော်တွင် လူနာ ၈၀ ဦးခန့်ကိုကုသခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လူနာများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာနေရာများမှာ သွားရောက်ပြီးတော့ လွယ်ကူစွာကုသနိုင်ကြပြီဖြစ်ပါတယ်။ ကင်ဆာရောဂါဝေဒနာများကို ဓာတ်ရောင်ခြည်ဖြင့် ကုသမည်ဆိုပါက မိမိအလှည့်ကိုရောက်ရန် စောင့်ဆိုင်းနေရမှုများ ရှိနေသေးပါတယ်။ သို့ဖြစ်ပါ၍ အရေးပေါ်ဓာတ်ရောင်ခြည်ဖြင့် ဆေးကုသပေးရန် လိုအပ်တဲ့ ရောဂါအခြေအနေပေါ်မူတည်တဲ့ လူနာများ ဥပမာအားဖြင့် Secondary Brain Tumour, Spinal Cord Compression, Superior Vena Cava Obstruction စသည့်ရောဂါများနှင့် သံဃာတော်များ၊ သီလရှင်များသည် အခြားလူနာများကဲ့သို့ စောင့်ဆိုင်းရန်မလိုဘဲ လူနာရောက်ရှိလျှင်ရောက်ရှိချင်း ဓာတ်ရောင်ခြည်ဖြင့် ဆေးကုသပေးမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကင်ဆာလူနာများ တိုးတက်များပြားလာမှုကြောင့် နေပြည်တော်တွင်ဓာတ်ရောင်ခြည်ကုဌာနကို တိုးချဲ့ဖွင့်လှစ်သကဲ့သို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာလည်း Linear Accelerator စက်တစ်လုံးကို အသစ်ထပ်မံတပ်ဆင်အသုံးပြုရန်အတွက် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ Cobalt စက်၏ ဓာတ်ရောင်ခြည်ထုတ်မှုအားနည်းသွားတဲ့ Source ကိုပြောင်းပြီးတော့ ဓာတ်ရောင်ခြည်ထုတ်လွှတ်မှု အားကောင်းတဲ့ Source နဲ့လဲလှယ်တပ်ဆင်နေမှုများလည်း ဆောင်ရွက်နေပါတယ်။

ထို့အပြင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် Linear Accelerator တစ်လုံးကို တပ်ဆင်နိုင်ရန်အတွက် ဝယ်ယူရောက်ရှိပြီးဖြစ်ပြီး ယခုအခါ အဆောက်အဦကို ၁၂-၃-၂၀၁၄ ရက်နေ့တွင် စတင်ဆောက်လုပ်နေပြီဖြစ်ပါတယ်။ ထို့အပြင် ယခု ကင်ဆာရောဂါဆေးပညာ Medical Oncology ဆိုင်ရာဆေးပညာမဟာဘွဲ့ရရှိသူများကို ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆေးရုံကြီးများကို တာဝန်ချထားလျက်ရှိရာ ဒေသအသီးသီးတွင် ကင်ဆာဝေဒနာများကို လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို ယခင်ထက် ပိုမိုပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်နေပြီဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်ဆဲအစီအစဉ်များဖြစ်တဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် Linear Accelerator

အသစ်တစ်လုံး ထပ်မံတပ်ဆင်ခြင်း၊ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီးတွင် Linear Accelerator အသစ်တစ်လုံးစီ ထပ်မံတပ်ဆင်ခြင်းများကို အောင်မြင်စွာဆောင်ရွက်ပြီးတဲ့ နောက်ပိုင်းမှာ လုပ်ငန်းလိုအပ်ချက်များပေါ်မူတည်ပြီး အခြားပြည်သူ့ဆေးရုံများတွင်လည်း ဓာတ်ရောင်ခြည်ကုသစက်အသစ်များကို တိုးချဲ့ဖွင့်လှစ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအချိန်မှာတော့ ဓာတ်ရောင်ခြည်စက်အသစ်တစ်လုံးကို ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့သို့ ဖြည့်ဆည်းတိုးချဲ့ဖွင့်လှစ်ခြင်း အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ခန္တီးရတနာမြေသတ်မှတ်ရာတွင် ကျေးရွာပေါင်း(၂၀)၊ အိမ်ခြေပေါင်း(၃၅၀၀)ကျော်ပါဝင်၍ စိုက်ပျိုးမြေဖော်ထုတ်ရာတွင် အခက်အခဲများစွာကြုံတွေ့နေရပါသဖြင့် ချင်းတွင်းမြစ်မှ (၅/၀)မိုင်အကွာမှ စတင်သတ်မှတ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့မေးခွန်းကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ ခန္တီးမြို့နယ်ရဲ့သမိုင်းမှတ်တမ်း၊ စာမျက်နှာ ၃၈ ပါအရ ခရစ်သက္ကရာဇ် ၁၉၃၉ ခုနှစ်၊ အင်္ဂလိပ်အစိုးရလက်ထက်မှာ နာဂတောင်တန်းခရိုင်၊ ခန္တီးရုံးစိုက်ရာကို ဇင်းကလိန်းခန္တီးအဖြစ်သတ်မှတ်ခဲ့ပါတယ်။ အဲ့ဒီနှစ်မှာပဲ ခန္တီးမြို့ကို မြို့နယ်အဖြစ်သတ်မှတ်ခဲ့ကြောင်း၊ ခန္တီးမြို့ဟာ ယခုအချိန်ထိဆိုရင် နှစ်ပေါင်း ၇၆ နှစ်ရှိပြီးဖြစ်ကြောင်း လေးစားစွာတင်ပြပါတယ်။

တင်ပြပါပုံကတော့ ၁၉၈၂ ခုနှစ်မှာ ရေးဆွဲခဲ့တဲ့မြေပုံဖြစ်ပါတယ်။ အဓိကတင်ပြချင်တာကတော့ ခန္တီးမြို့နယ်မှာ ကျောက်စိမ်းတွင်းဟာ ခန္တီးမြို့ကနေပြီးတော့ မိုင် ၂၀ အကွာ နန်စီဘွန်ဒေသမှာ သတ်မှတ်ခဲ့ပါတယ်။ အဲ့ဒီအချိန်တုန်းက မြေဇကေ ဇရိယာအတိအကျမရှိခဲ့ဘဲနဲ့ ကျောက်စိမ်း လုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ ရက်စွဲပါ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်(၈၉/၂၀၁၁)ဖြင့် ခန္တီးမြို့နယ်ရဲ့ ကျောက်စိမ်းတွင်းဇရိယာကို ပူးတွဲပါမြေပုံအတိုင်း သတ်မှတ်ခဲ့တာကို တွေ့ရပါတယ်။ တင်ပြပါပုံကတော့ဖြင့် အပြာကွက်ဟာ ၂၀၁၁ ခုနှစ်မှာ သတ်မှတ်လိုက်တဲ့ ကျောက်စိမ်းတွင်းဇရိယာ ဖြစ်ပါတယ်။ ခန္တီးမြို့ကနေ အထက်ပိုင်း ၄၅ မိုင်၊ တံခွန်ချောင်းအထိ ခန္တီးမြို့ကနေ ချင်းတွင်းမြစ်အောက်မြစ်ကြောင်း ၃၆ မိုင် ကောင်းဟိန်အထိ ဧကပေါင်း ၇၄၄၃၂၀ သတ်မှတ်ခဲ့ပေမယ့်

အောက်ပိုင်းမှာ ထမံသီဘေးမဲ့ တော၊ အပေါ်ပိုင်းမှာ ဟူးကောင်းဘေးမဲ့တောတွေကြောင့် အသားတင် ကျန်တာ ၆၅၀၀၀၀ ဖြစ်ပါတယ်။ အဲ့ဒီထဲမှာ မြို့ပေါ်သုံးရပ်ကွက်၊ ကျေးရွာပေါင်း ၂၀ ပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ မြို့ပေါ်မှာ ဆိုလို့ရှိရင် အခြေချစစ်ဗျူဟာ တပ်ရင်းသုံးရင်း၊ တပ်စွယ်သုံးခု၊ ခရိုင်အဆင့်ဌာနဆိုင်ရာ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာတွေ ရုံးစိုက်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့ပေါ်မှာရှိတဲ့ ဌာနဆိုင်ရာ များ၊ ရပ်ကွက်သုံးရပ်ကွက်မှာရှိတဲ့ ပြည်သူလူထုများ၊ ကျေးရွာ ၂၀ မှာရှိတဲ့ ပြည်သူလူထုတွေဟာ ကျောက်စိမ်းဇရိယာလုပ်ကွက်ထဲမှာ ကျရောက်နေတဲ့အတွက်ကြောင့်မို့လို့ လုပ်ကိုင်စားသောက်ရတာ များစွာစိတ်အနှောင့်အယှက်ဖြစ်ပြီးတော့ စီးပွားရေးလုပ်ငန်းတွေမှာ စိတ်ပါဝင်စားမှုမရှိတာလည်း တွေ့ရပါတယ်။

ယနေ့ခေတ်ကာလအရ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုတဲ့မူကိုလည်း ထိခိုက်နေတာ တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ခန္တီးရတနာမြေကို ချင်းတွင်းမြစ်ကနေ ငါးမိုင်အကွာကနေပြီးတော့ ကချင်ပြည်နယ် နယ်စပ်အထိ ပြန်လည်ပြင်ဆင်သတ်မှတ်ဖို့အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သတ္တုတွင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသန်းထွန်းအောင်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးလှထွန်းရဲ့မေးမြန်းချက်ပါ ခန္တီးရတနာနယ်မြေမှာ မြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ ကျေးရွာများ၊ အိမ်ခြေများပါဝင်နေပြီး တောင်သူ

လယ်သမားများ စိုက်ပျိုးမြေဖော်ထုတ်တဲ့အခါမှာ အခက်အခဲများစွာကြုံတွေ့နေရကြောင်း သိရှိရပါသဖြင့် ဒေသနေတောင်သူလယ်သမားများအပေါ်မှာ များစွာစာနာမိပါကြောင်း ဦးစွာပထမပန်ကြားအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းချက်ပါ ခန္တီးရတနာနယ်မြေဖြစ်ပေါ်လာရပုံလေးကို အကျဉ်းမျှ တင်ပြခွင့်ပြုပါခင်ဗျာ။ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနဟာ အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်များနဲ့ ကျောက်မျက်ရတနာထွက်ရှိနိုင်တဲ့နေရာများကို ရတနာနယ်မြေများအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစိုးရအဖွဲ့ရဲ့ (၄၀/၂၀၀၁) ကြိမ်မြောက်အစည်းအဝေးကနေပြီး သဘောတူညီချက်အရ ခန္တီးရတနာနယ်မြေကို ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၉/၂၀၀၁)နဲ့ ထုတ်ပြန်သတ်မှတ်ခဲ့ပါတယ်ခင်ဗျာ။ ဧရိယာအကျယ်အဝန်းအားဖြင့် ၁၁၆၃ စတုရန်းမိုင်ရှိပါတယ်ခင်ဗျား။ ရတနာနယ်မြေသတ်မှတ်မှုနှင့်ပတ်သက်ပြီး ဦးစွာပထမဘူမိဗေဒပညာရှင်များက ကွင်းဆင်းတိုင်းတာမှု ပြုလုပ်ရပါတယ်။ ဘူမိဗေဒဖြစ်စဉ်များအရလည်းကောင်း၊ မြေပြင်မှာတွေ့ရှိရတဲ့ သဲလွန်စများအရလည်းကောင်း၊ စမ်းသပ်တူးဖော်ခြင်းများအရလည်းကောင်း၊ ဒေသခံများရဲ့ပြောပြချက်များအရလည်းကောင်း အဖက်ဖက်ကနေပြီး တွက်ချက်စဉ်းစားသုံးသပ်ပြီးတဲ့အခါမှသာ ကျောက်မျက်ရတနာထွက်ရှိနိုင်တဲ့နေရာများကို အစိုးရအဖွဲ့ကိုတင်ပြပြီး အတည်ပြုချက်ရယူပြီးတဲ့နောက် ရတနာနယ်မြေများအဖြစ်နဲ့ သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်ခင်ဗျာ။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးဌာန(ခန္တီး)သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့နဲ့ ရတနာနယ်မြေအတွင်းမှာ ကျောက်မျက်လုပ်ကွက်များကို လုပ်ကိုင်ခွင့်ချထားပေးရေးအတွက် လွတ်ကင်းမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းကို တင်ပြရပါတယ်။ ဒီလိုတင်ပြတဲ့အခါမှာ ကန့်သတ်ချက်များနှင့်ပတ်သက်ပြီး ကျွန်တော် အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျာ။ လျှောက်ထားလာတဲ့လုပ်ကွက်မြေသည် လယ်မြေများနှင့် ယာမြေများနှင့်လွတ်ကင်းမှုရှိ/မရှိ၊ ဘေးမဲ့တော၊ ကာကွယ်တောများမှာ ကျရောက်နေခြင်းရှိ/မရှိ၊ ကျေးရွာမြေများနှင့်လွတ်ကင်းမှုရှိ/မရှိ၊ သာသနာ့နယ်မြေ၊ စေတီဘုရား၊ သာသနိကကျောင်းများနှင့်အဆောက်အအုံများမှာ ကျရောက်နေမှုရှိ/မရှိ၊ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်မှာ ကျရောက်နေခြင်းရှိ/မရှိ၊ အများသုံးလမ်းမကြီးများနှင့် လွတ်ကင်းမှုရှိ/မရှိ၊ ရေဦးရေထွက်နှင့် အများသုံးရေကန်ကြီးများနှင့်လွတ်ကင်းမှုရှိ/မရှိ၊ ထိခိုက်မှု

ရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်တဲ့မြေနေရာများ၊ စီမံကိန်းနယ်မြေ၊ စီမံကိန်းဧရိယာများနှင့် လွတ်ကင်းမှုရှိ/မရှိ၊ လုပ်ကိုင်ခွင့်ပြုထားသော လုပ်ကွက်များနှင့် ငြိစွန်းမှုရှိ/မရှိ၊ နောက်ဆုံးတစ်ခုကတော့ ချင်းတွင်းမြစ် ကမ်းစပ်ကနေပြီးတော့မှ ပေ ၃၀၀ အတွင်း ကန့်သတ်ထားတဲ့ နယ်နိမိတ်အတွင်းမှာ ကျရောက်နေခြင်းရှိ/မရှိ၊ လွတ်ကင်းမှုရှိ/မရှိစတဲ့ ကန့်သတ်ချက်များနှင့် စိစစ်ပါတယ်။ အဲ့ဒီလိုစိစစ်ပြီး တင်ပြမှုအပေါ် မှာ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်မျက်ရတနာ လုပ်ကွက်များအား ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှတစ်ဆင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေးကိုတင်ပြပြီး အတည်ပြုချက်ရယူပြီးတော့ တင်ဒါစနစ်ကျင့်သုံးပြီး လုပ်ကိုင်ခွင့်များ ခွင့်ပြုပေးခဲ့ပါတယ်။

လက်ရှိအနေအထားအရ ခန္တီးရတနာနယ်မြေအတွင်း ကျရောက်လျက်ရှိတဲ့ ချင်းတွင်းမြစ်ကမ်းကနေပြီး ပေ ၃၀၀ အကွာကနေပြီး ငါးမိုင်အတွင်းမှာ ညောင်တစ်လျှောက်မှော်မှာလုပ်ကွက် ၂၉ ကွက်ကို ၂၄-၇-၂၀၁၂ ရက်နေ့ကနေပြီး ၂၃-၇-၂၀၁၅ ရက်နေ့အထိ သုံးနှစ်လုပ်ကိုင်ခွင့် ချထားပေးခဲ့ပါတယ်။ ၃၁-၅-၂၀၁၂ ရက်နေ့ကစပြီးတော့မှ တူးဖော်မှုလုပ်ငန်းတွေအားလုံး ရပ်နားလိုက်တဲ့အတွက်ကြောင့်မို့လို့ ရပ်နားခဲ့ရတဲ့ကာလအလိုက် သတ်တမ်းတိုးရေးကို ဆက်လက်ဆောင်ရွက်ပေးလျက် ရှိပါတယ်ခင်ဗျာ။ ထို့အပြင်လည်း ညောင်တစ်လျှောက်မှော်၊ ကမ်းလှိုင်မှော်၊ ကောင်းမှုမှန်ပင်မှော်၊ နောင်းလီမှော်၊ လင်းဖာမှော်၊ ဖောင်ဆိုင်မှော်၊ စိန်နန်းမှော်၊ နန့်ဖီးလင်းမှော်၊ ရွှေမြချောင်းမှော်၊ ကောင်းဟိန်မှော်၊ အရှေ့ကောက်တောင်းမှော်တို့မှာလည်း ကျောက်စိမ်းတူးဖော်လုပ်ကိုင်ခွင့်အတွက် လျှောက်ထားတဲ့လုပ်ကွက် ၅၈၇ ကွက်ကို အဖွဲ့နှင့်ကွင်းဆင်းစစ်ဆေးပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ခွင့်ချထားပေးနိုင်ဖို့အတွက် စိစစ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အထက်မှာ ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း ခန္တီးရတနာနယ်မြေအဖြစ် သတ်မှတ်ထားရှိတာ မှန်ပါသော်လည်း ရတနာနယ်မြေအတွင်းမှာ ကျေးရွာများ၊ စိုက်ပျိုးမြေများ၊ သစ်တောစိုက်ခင်းများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ အဆောက်အဦများ ဖော်ထုတ်ထူထောင်မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ခန္တီးရတနာနယ်မြေကို ချင်းတွင်းမြစ်ကနေပြီး ငါး မိုင်

အကွာ မှစတင်ပြီး သတ်မှတ်ရန်အစီအစဉ်မရှိသေးပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**နိုင်ငံ့ဝန်ထမ်းများ၏ လူနေမှုဘဝမြှင့်တင်ပေးခြင်းကို မည်ကဲ့သို့ အစီအမံများ ရေးဆွဲဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးတင်လင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးတင်လင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိကြကုန်သော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ကြည်း ၂၉၇၉၁ ဗိုလ်ကြီးတင်လင်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေနဲ့ တိုးမြှင့်လာတဲ့ကုန်ဈေးနှုန်းပေါ်မှာလိုက်ပြီး နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှုန်းထားများကို တိုးမြှင့်ပေးခဲ့တာကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ အကြံပြုဆွေးနွေးချက်များအပေါ် ယခင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ရှင်းလင်းတင်ပြချက်မှာ ခုနှစ်အလိုက် လစာနှုန်းထားတိုးမြှင့်ပေးခဲ့မှုကို ဖော်ပြချက်အရ ၁၉၇၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ၃၈ နှစ်တာကာလအတွင်း ကိုးကြိမ်ရှိခဲ့ပါတယ်ခင်ဗျား။ လစာနှုန်းထားတိုးမြှင့်မှုဟာ နှစ်ကာလအလိုက်ဖြစ်ပေမယ့်လည်း လူမှုပတ်ဝန်းကျင်တိုးတက်မှုနဲ့ ကုန်ဈေးနှုန်းတိုးမြင့်မှုဟာ မှန်မှန်မြင့်တက်လာခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်အရှေ့ပိုင်းကာလများမှာ လူမှုအသုံးအဆောင်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတာကြောင့် နိုင်ငံ့ဝန်ထမ်းများအနေနဲ့ စားဝတ်နေရေးအတွက်သာ အာရုံစိုက်ရတာပဲရှိပါတယ်။ လူနေမှုဘဝမှာ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးမှုနှင့် ကွာဟမှုမရှိခဲ့သော်လည်း ယနေ့အချိန်မှာ နည်းပညာတိုးတက်လာတာနဲ့အမျှ လူမှုအသုံးအဆောင်ပစ္စည်းများ၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုမှာ လျင်မြန်စွာတိုးတက်လျက်ရှိပါတယ်။ လက်ရှိအချိန်မှာ အခြေခံအားဖြင့် မူလတန်းပြဆရာတစ်ဦးရဲ့ မူရင်းလစာ ၈၀၀၀၀ ကျပ်၊ ထောက်ပံ့ငွေ ၃၀၀၀၀ ကျပ်နဲ့ ပေါင်း ၁၁၀၀၀၀ ကျပ်ရှိပါတယ်ခင်ဗျား။ ၎င်းလစာနှုန်းထားမှာ စားရေးသောက်ရေးနဲ့ လူမှုရေးကိစ္စများအတွက် အဆင်ပြေနိုင်ပါတယ်။ ဒါပေမယ့် ၎င်းဝန်ထမ်းပေါ်မှီတည်နေတဲ့ မှီခိုသူအနည်းအများအပေါ်မှာလည်း မူတည်ပါတယ်ခင်ဗျား။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းတို့ရဲ့ သဘောသဘာဝဟာ မိမိရဲ့လစာကို ချွေတာသုံးစွဲပြီး ပိုလာတဲ့လစာငွေကို စုဆောင်းကာ မိမိအတွက်လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူစုဆောင်းဖြည့်တင်းခြင်းဖြင့် လူနေမှုဘဝကို မြှင့်တင်ရတဲ့သဘောရှိပါတယ်ခင်ဗျား။ ယနေ့ခေတ်အနေအထားမှာ လစာမှပိုငွေကို စုဆောင်းရန် ခက်ခဲတဲ့အနေအထားမျိုး ဖြစ်နေတာကြောင့် နိုင်ငံ့ဝန်ထမ်းများဟာ ၎င်းတို့ရဲ့ အကျင့်စာရိတ္တနဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘဲ ယနေ့ခေတ်နဲ့လျော်ညီတဲ့ လူနေမှုဘဝကို တည်ဆောက်ကြမယ်ဆိုရင် လာဘ်ပေးလာဘ်ယူမှုကိစ္စရပ်များ ဖြစ်ပေါ်လာနိုင်ပါတယ်။

သို့ပါ၍ နိုင်ငံ့ဝန်ထမ်းများရဲ့ လူနေမှုဘဝမြှင့်တင်ခြင်းဖြင့် ဝန်ထမ်းအကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းစေနိုင်ပါ၍ နိုင်ငံ့ဝန်ထမ်းများရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန် မည်သို့အစီအမံများ ရေးဆွဲဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများရှင့်။ ဗိုလ်ကြီးတင်လင်း၊ တပ်မတော်သားကိုယ်စားလှယ်မေးမြန်းတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ဒီအကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုဆိုတာ အရင်တုန်းက နိုင်ငံတစ်ခုရဲ့ နိုင်ငံတွင်းပြဿနာ အဆင့်သာဖြစ်ပါတယ်။ အခုမှာတော့ ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့နိုင်ငံတွေဟာ ဒီပြဿနာဟာ လူသားဝန်းကျင်တစ်ရပ်လုံးအတွက် အန္တရာယ်ရှိကြောင်း တွေ့လာတဲ့အတွက်ကြောင့်မို့လို့ ဒီအဂတိလိုက်စားမှုတွေကို နိုင်ငံအသီးသီးက အစိုးရတွေ၊ အဖွဲ့အစည်းတွေကနေပြီးတော့ တိုက်ဖျက်နှိမ်နင်းဖို့ ကြိုးပမ်းလျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာဆိုလည်း ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်စေဖို့ ရည်မှန်းချက်ထားပြီးတော့ ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နှင့်အညီလည်း ပြုပြင်ပြောင်း

မူကြမ်း

လဲဆောင်ရွက်မှုတွေကို တတိယအဆင့် အရှိန်မြှင့်တင်တဲ့အခါမှာ ဝန်ထမ်းတွေ အဂတိလိုက်စားမှုတွေမရှိစေဖို့အတွက် ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်၊ ယုံကြည်ချက်၊ ခံယူချက်တွေ မြင့်မားလာစေဖို့၊ ဝန်ထမ်းတွေ သက်သာချောင်ချိစေဖို့နဲ့ အုပ်ချုပ်မှုစနစ်မှန်ကန်စေဖို့အတွက် ဆောင်ရွက်လျက်ရှိကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။

ဒီလိုအဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် စီမံတဲ့အခါမှာ ပြစ်မှုကျူးလွန်တဲ့သူတွေကို ဥပဒေအရ အရေးယူအပြစ်ပေးခြင်းဟာ ဒီအဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းရဲ့ အစိတ်အပိုင်းတစ်ခုသာဖြစ်ပြီးတော့ ဖြစ်ပွားရသည့်အကြောင်းရင်းကို ရှာဖွေပြုပြင်နိုင်မှသာလျှင် အဂတိလိုက်စားမှုဟာ ပပျောက်သွားမှာဖြစ်ပါတယ်။ အုပ်ချုပ်မှုစနစ်၊ လူနေမှုဝန်းကျင်၊ စီပွားရေး အခြေခံတွေပေါ်မှာ ဆန်းစစ်ပြီးတော့ နိုင်ငံတစ်ဝှမ်းလုံးက ပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်ရမှာဖြစ်ပါတယ်။ ဒီအဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်ပြီးတော့လည်း နိုင်ငံတကာက သုတေသနပြုလုပ်ထားတဲ့ တားဆီးကာကွယ်ဖို့ နည်းလမ်းတွေကို ရယူပြီးတော့ ကိုယ့်နိုင်ငံ ယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ စပ်ဟပ်ပြီးတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းလမ်းတွေကိုရှာဖွေပြီးတော့ စီမံခန့်ခွဲဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံတော်အနေနဲ့ သန့်ရှင်းတဲ့အစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ဖြစ်စေဖို့၊ နောက်အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးမှာ ဂုဏ်သိက္ခာနဲ့ တာဝန်ယူနိုင်မှု မြင့်မားတိုးတက်စေဖို့၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံသားတွေရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားတွေကို ထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးဖို့အတွက် ဒီအဂတိလိုက်စားမှုပပျောက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအစိုးရလက်ထက်မှာ နိုင်ငံတော်ရဲ့ ရငွေသုံးငွေတွေပေါ်မှာမူတည်ပြီးတော့ အစိုးရဌာနနဲ့ အစိုးရအဖွဲ့အစည်းတွေရဲ့ ဖွဲ့စည်းပုံအရခွင့်ပြုထားတဲ့ ရာထူးတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ အစိုးရဝန်ထမ်းတွေရဲ့ လစာအပေါ်မှာ ကျပ်နှစ်သောင်းကို လစာငွေအဖြစ် ၂၀၁၃ ခုနှစ် ဧပြီလမှာ တစ်ကြိမ်၊ ၂၀၁၄ ခုနှစ် ဧပြီလမှာ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ဧပြီလမှာ ခွင့်ပြုခဲ့တဲ့ ထောက်ပံ့ကြေးငွေ သုံးသောင်းကိုလည်း ဆက်လက်ပြီးတော့ ခံစားစေလျက်ရှိပါတယ်။ နောက်နိုင်ငံ့ဝန်ထမ်းတွေ တာဝန်နဲ့ ခရီးသွားလာတဲ့အခါမှာ နေ့တွက်စရိတ်၊ ခရီးစရိတ်၊ စားစရိတ်တွေကို ခံစားစေပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း လူမှုရေးခက်ခဲတဲ့ မြို့နယ်တွေကို သတ်မှတ်ပြီးတော့ ဒီမြို့နယ်တွေမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေကို ဒေသစရိတ်တွေ ခံစားခွင့်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ဝန်ထမ်းတွေ သက်သာချောင်ချိစေဖို့အတွက် ဝန်ထမ်းသားသမီးတွေကို ပညာရေးနှင့် ပတ်သက်၍ ပညာသင်စရိတ်၊ ကျောင်းသုံးပစ္စည်းတွေထောက်ပံ့ခြင်း၊ ပညာရည်ထူးချွန်တဲ့ဝန်ထမ်းတွေရဲ့ သားသမီးတွေကို သက်ဆိုင်ရာဝန်ကြီးဌာနရဲ့အစီအစဉ်နဲ့ ဂုဏ်ပြုချီးမြှင့်မှုများဆောင်ရွက်ပေးခြင်း၊ မိသားစုရှိရာဒေသကို ဝန်ထမ်းတွေကို ဖြစ်နိုင်သရွေ့ပြောင်းရွှေ့တာဝန်ချထားပေးခြင်း၊ နောက်ဝန်ထမ်းအိမ်ရာ အဆောက်အဦတွေ ဆောက်လုပ်ပြီးတော့ နေထိုင်ခွင့်ပေးထားခြင်း၊ ရုံးတက်ရုံးဆင်းချိန်မှာလည်း ကြိုပို့ယာဉ်တွေ စီစဉ်ပေးနိုင်တဲ့နေရာတွေမှာ ကြိုပို့ယာဉ်တွေစီစဉ်ပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်ဖက်ကလည်း ကျွန်မတို့ ရငွေတွေပိုမိုရရှိစေဖို့အတွက် အခွန်စီမံခန့်ခွဲမှုတွေနဲ့ အခွန်ဘဏ္ဍာငွေစုစည်းမှု တိုးတက်စေခြင်းနဲ့ ဒီအခွန်ဘဏ္ဍာငွေရင်းမြစ်အားလုံး ဘတ်ဂျက်မှာပါဝင်လာဖို့လည်း ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ အကျင့်စာရိတ္တ ထိန်းသိမ်းနိုင်ဖို့အတွက်လည်း ပညာပေးရေးလုပ်ငန်းတွေဖြစ်တဲ့ အခြေခံသင်တန်း၊ မွမ်းမံသင်တန်းနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေမှာဝန်ထမ်းတွေလိုက်နာဆောင်ရွက်ရမည့် အချက်တွေကိုလည်း ပို့ချပေးလျက်ရှိပါတယ်။ ဌာနတွင်းအစည်းအဝေးနဲ့ ဆန္ဒဖော်ထုတ်ပွဲတွေမှာ ဝန်ထမ်းတွေရဲ့ အခက်အခဲတွေကိုတင်ပြစေပြီးတော့ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝန်ထမ်းတာဝန်နဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ၊ ပြစ်မှုပြစ်ဒဏ်တွေကို သိရှိလိုက်နာစေဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ၈-၃-၂၀၁၃ ရက်နေ့မှာ နိုင်ငံ့ဝန်ထမ်းဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်သလိုပဲ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း ၂၆-၃-၂၀၁၄ ရက်နေ့မှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများစာအုပ်ကို လိုက်နာဆောင်ရွက်နိုင်ဖို့အတွက် ထုတ်ဝေပြီးဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ တာဝန်ယူပြီးတဲ့နောက်မှာ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နဲ့ သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေဖို့အတွက် အစိုးရအဖွဲ့အစည်းများအတွင်းမှာ အဂတိတရားများကင်းရှင်းရေးနဲ့ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်စေရေးတို့အတွက်လည်း နိုင်ငံတော်သမ္မတရုံးရဲ့ ၈-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၉/၂၀၁၃) နဲ့ လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုလွှတ်တော်ကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ကို အဆိုပါဥပဒေအာဏာတည်တဲ့နေ့ရက်အဖြစ် သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတရုံးရဲ့ ၂၅-၂-၂၀၁၄ ရက်စွဲပါအမိန့်အမှတ်၊ (၆/၂၀၁၄) နဲ့ ဖွဲ့စည်းပေးခဲ့တဲ့ လာဘ်ပေး

လာဘ်ယူမှုပပျောက်ရေးကော်မရှင်ကိုလည်း ၄-၈-၂၀၁၄ ရက်စွဲပါအမိန့်အမှတ်၊ (၁၉/၂၀၁၄) နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲသတ်မှတ်ပြီးတော့ နိုင်ငံ့ဝန်ထမ်းတွေအကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုတွေ လျော့နည်းသွားစေဖို့အတွက် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ ဒီရငွေ၊ သုံးငွေပေါ်မှာ မူတည်ပြီးတော့ သင့်လျော်တဲ့နှစ်တွေမှာလည်း သင့်လျော်တဲ့နှုန်းထားတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို လစာတွေ တိုးမြှင့်ပေးလျက်ရှိပါတယ်။ ဒီအကျိုးခံစားခွင့်တွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က The Myanmar Official Secrets Act (မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ) ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်းနှင့် လက်ခံဆွေးနွေး ရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ် ၆ ကိုဆောင်ရွက်ပါမယ်။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရပေးပို့တဲ့ (The Myanmar Official Secrets Act) မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် (The Myanmar Official Secrets Act) မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေကို ပြင်ဆင်ချက်တင်သွင်းရတဲ့အခါမှာ ဦးစွာ ကျွန်တော်ရှင်းလင်းတင်ပြချင်တဲ့အချက်က ဒီနေ့ ကျွန်တော်တို့ နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးအရပဲဖြစ်ဖြစ်၊ ဒီနေ့နိုင်ငံတကာမှာ ပေါ်ပေါက်နေတဲ့ အရေးအခင်းများကို ကြည့်လိုက်တဲ့အခါမှာ ဒီဥပဒေဟာ ကျွန်တော်တို့တိုင်းပြည်မှာ လိုအပ်တဲ့ဥပဒေတစ်ရပ်ဖြစ်တယ်ဆိုတာ ကျွန်တော်လက်ခံသဘောပေါက်ပါတယ်။ အထူးသဖြင့် အခုလို အယ်ကိုင်ဒါတွေ အပါအဝင် အကြမ်းဖက်သမားတွေရော ကျွန်တော်တို့ တိုင်းပြည်မှာ အမျိုးသားရေးနဲ့ပတ်သက်ပြီး သစ္စာမတည်ကြည်တဲ့လူတွေ ရှိနေတဲ့

ကာလမှာ ဒီလိုဥပဒေ မျိုးကိုမထားလို့ရှိရင် နိုင်ငံတော်ရဲ့လုံခြုံရေးကို ထိပါးနိုင်တယ်ဆိုတဲ့ အခြေအနေကိုလည်း ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမယ့် အခုဘာဖြစ်လို့ ဒီဥပဒေကို ပြင်ဆင်ဖို့ တင်ပြရသလဲဆိုရင် အရင်တုန်းကတော့ ဒီဥပဒေကို ပြဌာန်းခဲ့တဲ့ကာလကိုကြည့်ရင် ၁၉၂၃ ခုနှစ်။ ၁၉၂၃ ခုနှစ်ဆိုတာ ကျွန်တော်တို့နိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တွေက သိမ်းပိုက်ထားတဲ့အချိန်၊ အဲ့တော့ဘာဖြစ်ဖြစ် အဲ့ဒီကာလမှာ ပြုစုတဲ့ဥပဒေတွေနဲ့ ပတ်သက်ရင် တစ်ချိန်တုန်းက ကျွန်တော်တို့နိုင်ငံရဲ့ ခေါင်းဆောင်ကြီးလည်းဖြစ်၊ တပ်မတော်ရဲ့ အကြီးအကဲလည်းဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဥပဒေနဲ့ပတ်သက်ပြီး ပြောကြားချက်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤလွှတ်တော်ကို တင်ပြလိုပါတယ်။ ဒါကတော့ တခြားမဟုတ်ပါဘူး။ ဥပဒေတစ်ခုကို ပြုစုတဲ့အခါမှာ အထက်စီးရတဲ့လူတန်းစား၊ အပေါ်စီးရတဲ့လူတွေဟာ မိမိရဲ့အခွင့်အာဏာ၊ မိမိ အကျိုးစီးပွားအတွက် ဥပဒေတစ်ခုကို မိမိလူတန်းစားအတွက် သာသာထိုးထိုးလေးထည့်ပြီးတော့ ပြုစုကြတယ်ဆိုတဲ့အချက်ပါ။ အဲ့ဒါကြောင့် အဲ့ဒီအချိန်တုန်းက ပေါ်ပေါက်လာတဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို နှိမ်နင်းဖို့အတွက် ဒီဥပဒေမှာ တော်တော်ကိုရေပက်မဝင်လောက်အောင် ဖိနှိပ်တဲ့ဘက်က ပြုစုထားတဲ့အချက်များ ရှိနေပါတယ်။ အဲ့ဒါတွေက အခုကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဌာန်းပြီးတဲ့အခါမှာ ကျွန်တော်တို့ အခုလွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်၊ ရေးသားခွင့်၊ ယုံကြည် ခွင့်ပေးထားတဲ့ ပုဒ်မ ၃၅၄ ပြဌာန်းချက်နဲ့ညီညွတ်မှု ရှိ/မရှိ ပြန်လည်ဆန်းစစ်ဖို့ လိုအပ်ကြောင်း မြင်တဲ့အတွက် ကျွန်တော် ဒီပြင်ဆင်မှု တင်ရခြင်းဖြစ်ပါတယ်။

နောက်ဒုတိယတစ်ချက်ကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့လပိုင်းလောက်အတွင်းက Unity သတင်းဂျာနယ်က ဦးတင့်ဆန်း အပါအဝင် လေးဦးကို ဒီဥပဒေချိုးဖောက်တယ်ဆိုပြီးတော့ ထောင်ဒဏ် ၁၀ နှစ်ပြစ်ဒဏ်ပေးခဲ့ပါတယ်။ အဲ့ဒီ ၁၀ နှစ်ပေးတဲ့ပြစ်ဒဏ်ရဲ့ စီရင်ချက်ကို ယာယီစာနယ်ဇင်းကောင်စီအတွင်းရေးမှူး ဦးကျော်မင်းဆွေ မှတစ်ဆင့်ရလို့ ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ ဒီဥပဒေဟာပြင်ကိုပြင်ရမယ့် အချက်ကို ကျွန်တော်တို့တွေ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီဥပဒေဟာ အင်္ဂလိပ်လိုရေးထားတယ်။ ရေးထားတဲ့အခါမှာလည်း အင်မတန်မှကို ဒီသာမန်လူနားမလည်နိုင်တဲ့ အရေးအသားမျိုးနဲ့ ပြဌာန်းထားတာ၊ အဲ့ဒါကြောင့် ဒီဥပဒေနဲ့ပတ်သက်ပြီး တကယ်လက်တွေ့မှာ တရားစီရင်တဲ့အခါမှာတောင် သက်ဆိုင်သူတရားသူကြီးများက မြန်မာဘာသာပြန်ကိုပဲ အားကိုးပြီးတော့ စီရင်ဆုံးဖြတ်ကြရတာ တွေ့ပါတယ်။ အဲ့တော့ ဒီဥပဒေခုလိုပြဌာန်းထားတဲ့အတွက် နောက်တစ်ခုက ဘာတွေ့လာလဲဆိုတော့ အခုကျွန်တော်တို့ သတင်းမီဒီယာဥပဒေမှာ သတင်းရယူပိုင်ခွင့်၊ သတင်းသိရှိခွင့်၊ သတင်းနှင့်

ပတ်သက်ပြီးတော့ ရယူတဲ့အခါမှာ ဘယ်နည်းဘယ်ပုံဌာနတွေက သဘောထားရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ ချိန်ထိုးကြည့်လိုက်တဲ့အခါကျတော့ ဥပဒေချင်းဝိရောဓိပေါ့။ ဥပဒေနှစ်ခုဟာ ဝိရောဓိဖြစ်နေတာတွေ့ရပါတယ်။ အဲ့ဒါကြောင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားတဲ့အခွင့်အရေးကိုရဖို့အတွက် အဲ့ဒီဥပဒေမှာပါတဲ့ အခြားအချက်များကို၊ ဒီပြဋ္ဌာန်းချက်များကို နောင်ဒါပြည်ထဲရေးဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာကော်မတီများကပြင်ချင်ရင် ပြင်သင့်တဲ့အချက်တွေ ကျွန်တော်အများကြီးတွေ့ပါတယ်။ သို့သော် နိုင်ငံတော်လုံခြုံရေးကြောင့် ကျန်တဲ့အချက်များကို ကျွန်တော်လုံးဝ မတို့ထိပါဘူး။ သို့သော် ခုနကပိုင်ခွင့် အခြေခံဥပဒေပိုင်ခွင့်တွေရဖို့အတွက် ကျွန်တော်ကင်းလွတ်ချက်တစ်ချက်ကို ပုဒ်မ ၃ ပုဒ်မခွဲ(၁) အောက်မှာ ပထမကင်းလွတ်ချက်တစ်ရပ်ကို ပြင်ဆင်ချက်တင်ထားပါတယ်။ အဲ့ဒါဟာ ဘာလဲဆိုတော့ တစ်ဦးတစ်ယောက်သောသူသည် ပိတ်ပင်တားမြစ်ထားသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ထိုသူမသိရှိလျှင် အစိုးရ၏လျှို့ဝှက်ချက်ကို ထိခိုက်စေသည်ဖြစ်သည်မမည်၊ ပိတ်ပင်တားမြစ်ထားသည့်နေရာဟုတ်/မဟုတ်ဆိုသောအချက်မှာ အကြောင်းခြင်းအရာပြဿနာဖြစ်သည်။ ဒါဆိုရင် ကျွန်တော်တို့ အခြေခံဥပဒေပြဋ္ဌာန်းချက်ကိုလည်း မထိပါးဘဲနဲ့ တရားရုံးမှာ ခုခံရတဲ့အခါကျတော့ ခုခံသူရော၊ စွပ်စွဲသူရော၊ နှစ်ဖက်လုံးအတွက် သက်သေပြဖို့တာဝန်တစ်ခု တိုးမြင့်ပြီးရစေချင်တဲ့အချက်ပါပါတယ်။

နောက်ဒုတိယအချက်ကတော့ အခုမီဒီယာဥပဒေမှာပါတဲ့အချက်ပါပဲ။ မီဒီယာဥပဒေမှာပါတဲ့အချက်အတိုင်း သတင်းမီဒီယာများက လုပ်ဆောင်လို့ရှိရင် ကင်းလွတ်ခွင့်ရဖို့လိုပါတယ်။ အဲ့ဒါကြောင့် ကျွန်တော် ဒုတိယကင်းလွတ်ချက်ကို ပြင်ပါတယ်။ အဲ့ဒါကတော့ ဘာလဲဆိုတော့ သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အစိုးရရုံးဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခွင့်ရခွင့်နှင့် ဝင်/ထွက်သွားလာခွင့်တို့သည် နိုင်ငံလုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံ့အကျိုးကိုဖြစ်စေ ထိခိုက်မှုဖြစ်သည်မမည်။ အဲ့ဒါက သတင်းမီဒီယာဥပဒေနဲ့ အခုမြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ ဝိရောဓိမဖြစ်အောင် ပြင်ဆင်သင့်တဲ့အချက်လို့ ကျွန်တော် ရိုးသားစွာယုံကြည်ပါတယ်။

နောက်တစ်ချက်ကျွန်တော်ပြင်ထားတာကတော့ ပုဒ်မ ၃ ပုဒ်မခွဲ(၂) မှာ ပယ်ဖျက်ပြီးတော့ အသစ်အဖြစ် ဘာထည့်စေချင်လဲဆိုရင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံ့အကျိုးကိုဖြစ်စေ ထိခိုက်စေရန် ရည်ရွယ်ကြောင်း စွပ်စွဲသူကသက်သေမထူနိုင်လျှင် ဤပုဒ်မအရ ပြစ်မှုမမြောက်၊ မူရင်းဥပဒေအရဆိုရင်၊ ရေးသားပြဋ္ဌာန်းချက်အရဆိုရင် ဒီနယ်ချဲ့အစိုးရတွေဟာ သူတို့နိုင်ငံမှာပင်လျှင် တရားစွဲတဲ့

အခါမှာ စွပ်စွဲသူက သက်သေပြရန်တာဝန်ကို ပြဋ္ဌာန်းထားပြီးတော့ ကျွန်တော်တို့ ကိုလိုနီနိုင်ငံတွေမှာ ကျတော့ သက်သေပြရန်တာဝန်ကို အစွပ်စွဲခံရသူတွေဘက် ပခုံးပြောင်းထားကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ဒီပြင်ဆင်မှုကို ပြင်ဆင်သင့်ကြောင်း ကျွန်တော် ဒီလွှတ်တော်ကြီးကို တင်ပြရခြင်း ဖြစ်ပါတယ်။

အဲ့တော့ ချုပ်၍တင်ပြရရင်တော့ ကျွန်တော်တို့ရဲ့ ၂၀၀၈ ဖွဲ့စည်းပုံမှာပေးထားတဲ့ နိုင်ငံသား လွတ်လပ်ခွင့်တွေရဖို့ အခုပြဋ္ဌာန်းထားတဲ့ သတင်းမီဒီယာဥပဒေမှာ ပေးထားတဲ့သတင်းမီဒီယာသမား တွေရဲ့ လုပ်ပိုင်ခွင့်ကို အကာအကွယ်ပေးနိုင်ဖို့အတွက် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကြီးက လက်ခံစဉ်းစားပေးပါရန် လေးစားစွာ ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(ရွှင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဟာ ၁၉၂၃ ခုနှစ် အင်္ဂလိပ်အစိုးရက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ရန် လိုအပ်နေ ပြီဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းတဲ့ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ထောက်ခံ ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားကို သိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ The Myanmar Official Secrets Act (မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ)ကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းလို့ ပြည်ထဲရေးဝန်ကြီးဌာနမှ သုံးသပ်တင်ပြခြင်းကို ကျွန်တော် ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က

မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့စပ်လျဥ်းလို့ ပြင်ဆင်ရေးဆွဲရန် တင်ပြလာခဲ့ပါတယ်။ ဒီပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့စပ်လျဥ်းပြီးတော့ သုံးသပ်တင်ပြလိုတာကတော့ ပထမကင်းလွတ်ချက်မှာ တစ်ဦးတစ်ယောက်သောသူအား ပိတ်ပင်တားမြစ်တားတဲ့ နေရာတစ်ခုခုဖြစ်ကြောင်း ထိုသူမသိရှိလျှင် အဆိုပါပိတ်ပင်တားမြစ်ထားသည့်နေရာမဟုတ်ဆိုသော အချက်မှာ အကြောင်းခြင်းရာပြဿနာဖြစ်သည်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံလျှို့ဝှက်ချက်များအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ ၈ (က) မှာ အစိုးရပိုင်ဆိုင်သည့် သို့မဟုတ် အစိုးရကိစ္စအတွက် အသုံးပြုသည့်နေရာတစ်ခုခုနှင့်စပ်လျဥ်း၍ သတင်းပေါက်ကြားသွားပါက သို့မဟုတ် ထိုနေရာပျက်စီးယိုယွင်းသွားပါက ရန်သူအတွက် အသုံးဝင်သည်ဆိုသည့်အကြောင်းကြောင့် ထိုနေရာကို ဤအက်ဥပဒေပါကိစ္စများအလို့ငှာ ပိတ်ပင်တားမြစ်ထားသည့်နေရာအဖြစ် နိုင်ငံတော်သမ္မတက ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာပြီးဖြစ်ပါက ထိုနေရာသည် တားမြစ်ပိတ်ပင်ထားသော နေရာဖြစ်သဖြင့် ဤဥပဒေကို ကျူးလွန်သောလူတစ်ဦးတစ်ယောက်ယောက်ဟာ ပိတ်ပင်တားမြစ်ထားတဲ့ နေရာတစ်ခုခုကိုမသိရှိလို့ ကျူးလွန်ခြင်းဖြစ်လို့ရှိရင် အရေးယူလို့မရနိုင်ကြောင်း ပြဋ္ဌာန်းတဲ့အနေအထားဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြစ်မှုကျူးလွန်သူကို အားပေးအားမြှောက်ပြုရာရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါပြင်ဆင်ပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းပါက ဒီဥပဒေတစ်ခုလုံးဟာ အသက်ဝင်တော့မှာမဟုတ်တဲ့အတွက် ပြဋ္ဌာန်းရန်မသင့်သော အချက်ဖြစ်ပါတယ်။ ထို့အပြင် ပုဒ်မ ၃ အပိုဒ် ၁ ခြေဆင်းမှာ မည်သူမဆို နိုင်ငံတော်လုံခြုံရေး သို့မဟုတ် အကျိုးကိုထိခိုက်စေသော ရည်ရွယ်ချက်ဖြင့်ဟု ဖော်ပြထားတဲ့အတွက် ရည်ရွယ်ချက်မျိုးနဲ့ ကျူးလွန်သူကိုမှသာ အရေးယူခြင်းဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်မှာပြင်ဆင်ပြဋ္ဌာန်းရန် မလိုအပ်ကြောင်း သုံးသပ်ရရှိပါတယ်။ ဒုတိယကင်းလွတ်ချက်မှာတော့ သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်စည်းကမ်းနဲ့အညီ အစိုးရရုံးဌာန အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့် နေရာထိုင်ခွင့်ရခွင့်နဲ့ ဝင်ထွက်သွားလာခွင့်တို့သည် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်အကျိုးကိုဖြစ်စေ ထိခိုက်မှုဖြစ်သည်ဟု မမည်လို့ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် ဒီပြင်ဆင်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ အရ နိုင်ငံသားအခွင့်အရေးကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရရှိရေးအတွက်ရည်ရွယ်ကြောင်းဖော်ပြထားသော်လည်း ဒီဥပဒေ ပုဒ်မ ၃၅၄ ရဲ့ ခြေဆင်းမှာ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ

အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့် မဆန့်ကျင်လျှင်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့်မို့လို့ ဒီတင်ပြချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သော်လည်းကောင်း မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များဥပဒေနဲ့သော်လည်းကောင်း ဆန့်ကျင်နေကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် သတင်းမီဒီယာဥပဒေ အခန်း(၃) ဖြစ်တဲ့ သတင်းမီဒီယာသမားများရဲ့ ရပိုင်ခွင့်နဲ့ပတ်သက်တဲ့ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)မှာ သက်ဆိုင်ရာဌာနအဖွဲ့အစည်းက သတ်မှတ်ထားတဲ့ စည်းကမ်းနဲ့အညီ အစိုးရရုံးဌာနအဖွဲ့အစည်းများမှာ သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နဲ့ ဝင်ထွက်သွားလာခွင့်တို့ ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ထို့ပြင် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၃ အပိုဒ် ၁ ရဲ့ ခြေဆင်းမှာ မည်သူမဆို နိုင်ငံတော်လုံခြုံရေး သို့မဟုတ် အကျိုးကိုထိခိုက်စေသောရည်ရွယ်ချက်လို့ ဖော်ပြထားတဲ့အတွက် ဒီရည်ရွယ်ချက်မျိုးနဲ့ ကျူးလွန်သူကိုသာ အရေးယူခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြင်ဆင်ပြဋ္ဌာန်းရန်မလိုအပ်ကြောင်း သုံးသပ်ရရှိပါတယ်။ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(၂) ကို ပယ်ဖျက်ပြီးတော့ နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်အကျိုးကိုဖြစ်စေ ထိခိုက်စေရန်ရည်ရွယ်ကြောင်း စွပ်စွဲသူက သက်သေမထူနိုင်လျှင် ဤပုဒ်မအရ ပြစ်မှုမမြောက်သဖြင့် အစားထိုးထည့်သွင်းပြင်ဆင်ဖို့လည်း တင်ပြထားပါတယ်။ ဒီပုဒ်မ ၃ ပုဒ်မခွဲ ၂ မှာ ဖော်ပြထားတာကတော့ ဤပုဒ်မအရ ၁၄ နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုအတွက် တရားစွဲဆိုသည့်အခါ တရားခံမှာ နိုင်ငံရေး သို့မဟုတ် အကျိုးကိုထိခိုက်စေလိုသည့် ရည်ရွယ်ချက်ရှိကြောင်း ထင်ရှားစေရန် သဘောသက်ရောက်သော ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ပြဆိုရန်မလို။ ထို့အပြင် အဆိုပါပြုလုပ်မှုနှင့်စပ်လျဉ်း၍ ၎င်းအပေါ် သက်သေထင်ရှားမပြစေကာမူ သက်သေထင်ရှားပြသည့် အမှုအကြောင်းခြင်းရာများကိုဖြစ်စေ ၎င်းအပြုအမူ သို့မဟုတ် သိရှိရသည့် ၎င်း၏အကျင့်စာရိတ္တကိုဖြစ်စေ ထောက်ထား၍ ၎င်း၏ရည်ရွယ်ချက်များသည် နိုင်ငံတော်လုံခြုံရေး သို့မဟုတ် အကျိုးကိုထိခိုက်စေ မည့်ပုံပေါ်လျှင် ၎င်းအားပြစ်မှုစီရင်နိုင်သည်ဟု ဖော်ပြထားတာဖြစ်ပါတယ်။ ဒီဖော်ပြချက်အရဆိုလို့ရှိရင် ရည်ရွယ်ချက်နဲ့ နိုင်ငံရဲ့လုံခြုံရေး ဒါမှမဟုတ် အကျိုးကိုထိခိုက်စေတဲ့ပုံပေါ်မှသာ တရားရုံးမှာ ဖြေရှင်းရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပုဒ်မ ၅ အပိုဒ်ခွဲ (၂) ကိုပယ်ဖျက်ပြီးတော့ အစားထိုးပြင်ဆင်ပြဋ္ဌာန်းရန်လည်း မသင့်ကြောင်း သုံးသပ်ရရှိပါတယ်။ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေဟာ နိုင်ငံတော်တစ်ဝှမ်းလုံးနဲ့ သက်ဆိုင်တဲ့အပြင် မည်သည့်ဒေသတွင်မဆိုရှိတဲ့ မြန်မာနိုင်ငံသားအားလုံးနဲ့

လည်းကောင်း၊ အစိုးရအရာထမ်း၊ အမှုထမ်းအားလုံးနဲ့လည်းကောင်း သက်ဆိုင်ပြီးတော့မှ နိုင်ငံ့လုံခြုံရေးအတွက်လည်း အရေးကြီးတဲ့ ဥပဒေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်ရဲ့ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် မသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွှန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်အနေနဲ့ ဘာများပြောစရာရှိပါသလဲ။

**ဦးသိန်းညွှန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဒုတိယဝန်ကြီးတင်ပြသလို ကျွန်တော့်ဘက်ကလည်း တင်ပြတဲ့အခါမှာ ဒီအမြင်နှစ်မျိုးပေါ့။ ဒုတိယဝန်ကြီးဘက်က လုံခြုံရေးထောင့်တစ်ခုကို အခြေခံပြီး တင်ပြပါတယ်။ ကျွန်တော်တို့ကတော့ နိုင်ငံသားအခွင့်အရေးတွေနဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍဖွံ့ဖြိုးလာဖို့၊ အကာအကွယ်ရဖို့တင်ပြတာပါ။ အဲဒါကြောင့် ဒီဥပဒေကို လက်ခံစဉ်းစားဖို့သင့်/မသင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပေးပါလို့ လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်အဆိုပြုဖို့အတွက် ဒီဥပဒေကြမ်းကို တင်ပြလာတဲ့အခါမှာ ဥပဒေကြမ်းကော်မတီနဲ့ ပြည်သူ့လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ကော်မရှင်ရဲ့ သုံးသပ်အကြံပြုချက်ကိုလည်း ရယူထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဦးသိန်းညွှန့်တင်ပြတဲ့ အဆိုပေါ်မူတည်ပြီး ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံးခင်ဗျား။ မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်ကတင်သွင်းခဲ့တဲ့ The Myanmar Official Secrets Act မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မိမိတို့ဥပဒေကြမ်းကော်မတီဟာ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ၎င်းတို့ရဲ့ သဘောထားမှတ်ချက်များကိုလည်း ရယူခဲ့ပါတယ်။ ကော်မတီနှစ်ရပ်နှင့် ကော်မရှင်တို့ရဲ့ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များဟာ တူညီပြီးတစ်ထပ်တည်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ ပြင်ဆင်တဲ့ဥပဒေ အပိုဒ် ၂ မှာ ဤဥပဒေ၏ ပုဒ်မ ၃ အပိုဒ် ၁ အောက်တွင် အောက်ပါတို့ကို ထည့်သွင်းရမည်။ ပထမကင်းလွတ်ချက် တစ်ဦးတစ်ယောက်သောသူသည် ပိတ်ပင်တားမြစ်ထားသည့် နေရာတစ်ခုဖြစ်ကြောင်း ထိုသူမသိလျှင် အစိုးရလျှို့ဝှက်ချက်ကို ထိခိုက်စေသည်မမည်၊ ပိတ်ပင် တားမြစ်ထားသည့်နေရာဟုတ်/မဟုတ်ဆိုသောအချက်မှာ အကြောင်းခြင်းရာ ပြဿနာဖြစ်သည် ဆိုသည့်စကားရပ်ကို ထည့်သွင်းရမယ်လို့ တင်သွင်းထားပါတယ်။ ဝါကျနှစ်ခုပါသော စာပိုဒ်ဖြစ်ပါ တယ်။ ပထမဝါကျမှာ ပိတ်ပင်တားမြစ်ထားသည့်နေရာတစ်ခုဖြစ်ကြောင်း ထိုသူမသိလျှင် အစိုးရ လျှို့ဝှက်ချက်ကို ထိခိုက်စေသည် မမည်ဟုရေးသားဖော်ပြထားခြင်းသည် Legalism လို့ခေါ်တဲ့ ဥပဒေ ဆိုရိုးစကားဟာ Ignorances of no excuse မသိဟု ဆိုရုံမျှနဲ့ ကင်းလွတ်ခွင့်မရဟူသော တရားရေး ဆိုင်ရာကျင့်ထုံးနှင့်ဆန့်ကျင်နေပါသည်။ မသိ၍ပြုလုပ်မိပါတယ်၊ ကျူးလွန်မိပါတယ်ဆိုရုံနဲ့ ဥပဒေအရ ကင်းလွတ်ခွင့်မရနိုင်ပါ။ ဒုတိယဝါကျမှာ ပိတ်ပင်တားမြစ်ထားသော နေရာဟုတ်/မဟုတ်ဆိုသော အချက်မှာ အကြောင်းအခြင်းအရာပြဿနာဖြစ်ပြီး Issue Of Fact ကိုဆိုလိုခြင်းဖြစ်ပါတယ်။ မူလ ဥပဒေပုဒ်မနှင့် အပိုဒ်ခွဲ(၈)မှာ ပိတ်ပင်တားမြစ်ထားသည့်နေရာ Prohibited Places ကိုအနက် အဓိပ္ပာယ် ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ဆိုထားပြီးဖြစ်သဖြင့် အကြောင်းအခြင်းအရာပြဿနာ Issue Of Fact ပေါ်ပေါက်ရန်အကြောင်းမရှိကြောင်း ထည့်သွင်းစဉ်းစားရန် မသင့်ကြောင်းတင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယကင်းလွတ်ချက်ဖြစ်တဲ့ သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်း နှင့်အညီ အစိုးရရုံးဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်များရယူခွင့်၊ နေရာထိုင်ခွင့် ရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့သည် နိုင်ငံလုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံအကျိုးကိုဖြစ်စေ ထိခိုက်မှု ဖြစ်သည်မမည်ဟု ဖော်ပြသည့်ကိစ္စမှာလည်း သတင်းမီဒီယာဥပဒေတွင် သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်၌ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ မူရင်းဥပဒေ၏ အနှစ်သာရမှာ နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် နိုင်ငံတော်ရဲ့ အကျိုးစီးပွားကိုထိခိုက်စေလိုသော ရည်ရွယ်ချက်မျိုးဖြင့် ကျူးလွန်သူကိုသာ အရေးယူခြင်းဖြစ်၍ သဘောသဘာဝချင်းမတူသဖြင့် ပြင်ဆင်ရန်မသင့်ကြောင်း သဘောရရှိပါ တယ်။ ယခုတင်သွင်းသော ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၃ မှာ မူရင်းဥပဒေအပိုဒ် ၅ ပုဒ်မ ၃ ပုဒ်မခွဲ(၂)ကို ပယ်ဖျက်ပြီး အောက်ပါတို့ကို ပုဒ်မ ၃ ပုဒ်မခွဲ(၂)အဖြစ် ထည့်သွင်းရမည်။ နိုင်ငံတော်လုံခြုံရေး ကိုဖြစ်စေ၊ နိုင်ငံတော်အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်စေရန်ရည်ရွယ်ကြောင်း စွပ်စွဲသူက သက်သေ

မထုနိုင်လျှင် ဤပုဒ်မအရ ပြစ်မှုမမြောက်။ ဒီနေရာမှာ တင်ပြလိုတာက မူရင်းဥပဒေပုဒ်မ ၅ ဟာ Wrongful Communication Of Information သတင်းများကို မမှန်မကန်သောနည်းလမ်းဖြင့် ရယူဆက်သွယ်ခြင်းအတွက် ပြစ်ဒဏ်သတ်မှတ်ထားခြင်းဖြစ်ပြီး ပုဒ်မ ၃ ပုဒ်မခွဲ(၂)မှာ သူလျှိုပြုလုပ်မှုအတွက် ပြစ်ဒဏ်သတ်မှတ်ခြင်းဖြစ်ပါ တယ်။

ဒီဥပဒေမှာ အဲဒီပုဒ်မနှစ်ခုကို ပယ်ဖျက်လိုက်ပါက မူရင်းဥပဒေရဲ့ ရည်ရွယ်ချက်နဲ့ အနှစ်သာရ ပျက်ပြားသွားမည်ဖြစ်သဖြင့် ပယ်ဖျက်ရန်မသင့်ပါ။ မူရင်းဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(၂)တွင် စွပ်စွဲသူက သက်သေပြရန် တာဝန်လိုအပ်ခြင်းရှိမည်မဟုတ်ကြောင်းနှင့် သက်ဆိုင်ရာတရားရုံးများက ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သူများသည် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟု မှတ်ယူရမည်ဟုပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ပြင်ဆင်သည့်ဥပဒေ အပိုဒ် ၃ ကိုထည့်သွင်းရန် မလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အကြမ်းဖက်မှုကိုနည်းလမ်းပေါင်းစုံဖြင့် အထူးအလေးဂရုထားဂရုပြုကာကွယ်နေတဲ့အချိန် ဖြစ်ပါတယ်။ ဘယ်ခေတ် ဘယ်အခါမှာ ပဲဖြစ်ဖြစ် နိုင်ငံတော်ရဲ့ လုံခြုံရေးနှင့် အကျိုးစီးပွားကာကွယ်ဖို့ ဒီလို မူရင်းဥပဒေမျိုး လိုအပ်နေမှာဖြစ်တဲ့အတွက် ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှလက်ခံဆွေးနွေးရန် မသင့်ကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်တင်သွင်းတဲ့ (The Myanmar Official Secrets Act) မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် ထောက်ခံသူများရှိပါက မတ်တတ်ရပ်ပေးပါ။ တစ်ဦးသာရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့် အဆိုတင်သွင်းတဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သို့ရာတွင် ဒီနေ့ ဦးသိန်းညွန့်တင်ပြတဲ့နေရာမှာ ကျွန်တော်ထပ်ပြီးတော့ သိချင်လို့မေးချင်တာက ဒီဥပဒေနှင့်ပတ်သက်ပြီးတော့ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ထားတာရှိပါသလား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်လေ့လာရသလောက်တော့ ဥက္ကဋ္ဌကြီး မရှိပါဘူး။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီဥပဒေနှင့်ပတ်သက်ပြီးတော့ ပိုမိုတိကျအောင် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများထုတ်ပြန်ဖို့ လို/မလိုဆိုတာကိုလည်း စဉ်းစားဖို့လိုအပ်လာပါတယ်။ နောက်ဒုတိယအချက်က အခု ဥပဒေကို ပြင်ဆင်ဖို့ဆိုတဲ့နေရာမှာ ပြင်ဆင်အဆိုပြုချက်နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားတဲ့ အင်္ဂလိပ်လိုရေးသားဖော်ပြထားတာတွေရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မြန်မာစာကိုသာအဓိကထားပြီးတော့ ရုံးသုံးဘာသာအဖြစ် ဆောင်ရွက်ထားတာဖြစ်တဲ့အတွက် ဒီလို အင်္ဂလိပ်လို ရေးသားထားတဲ့ဥပဒေဟာလည်း အများပြည်သူနားလည်ဖို့ခက်ခဲပါတယ်။ ထိုနည်းတူစွာပဲ ဒီဥပဒေကို ကိုင်တွယ်ကျင့်သုံးနေတဲ့ ဥပဒေပညာရှင်အချို့၊ ထိုနည်းတူစွာပဲ တရားရေးဝန်ထမ်းအချို့လည်း နားလည်ဖို့ခက်ခဲတဲ့အတွက် ဒီလို ဥပဒေမျိုးကိုလည်း မြန်မာလို အမြန်ဆုံးပြန်ဆိုသင့်ပါတယ်။ ထွက်ပေါ်လာတဲ့အခြေအနေပေါ်မူတည်ပြီးတော့ ဒီဥပဒေသည် ပြင်ဆင်ရန်လို/မလို။ လိုတဲ့နေရာမှာလည်း ဘယ်ကိစ္စမျိုးမှာ လိုတယ်ဆိုတာလည်း ထပ်မံလေ့လာသုံးသပ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကိုတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်အရ ဆက်လက်ဆွေးနွေးဖို့မရှိဘူး။ သို့ရာတွင် ဒီဥပဒေကိုတော့ ပြန်လည်လေ့လာတဲ့အခါမှာ နည်းဥပဒေများရှိ/မရှိ။ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များရှိ/မရှိ။ ဒါလေ့လာသုံးသပ်ပြီးတဲ့အခါမှာ ဥပဒေရေးရာနှင့် တရားရေးရာကော်မတီကနေပြီးတော့ ပြန်ပြီးတော့ လွှတ်တော်ကို ပြန်တင်ပြဖို့လိုပါတယ်။ အဲဒီနည်းတူပဲ ဒီဥပဒေကို မြန်မာလိုပြန်ကြားနိုင်ရေးအတွက်လည်း ကျွန်တော် လွှတ်တော်ကနေတစ်ဆင့် သက်ဆိုင်ရာကို တိုက်တွန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၃၁-၇-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၁၇-၉-၂၀၁၄ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံဖြန့်ဝေထားပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့

အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၉-၂၀၁၄ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်သည် ၎င်းဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှုကြမ်း**